# ဒေသအခြေပြု
# ရေအရင်းအမြစ်ဆိုင်ရာ
# စီမံအုပ်ချုပ်မှုစနစ်



တော်လှုအင်း (၁) ဒေါ်လာအင်း



# မာတိကာ


၀၄ အခန်း (၁)
ဒေါ်လာအင်းဒေသအရင်းအမြစ် စီမံအုပ်ချုပ်မှု အကြောင်း

၀၈ အခန်း (၂)
မျှော်မှန်းချက်၊ လုပ်ငန်းစဉ်၊ ရည်ရွယ်ချက် နှင့် စံတန်ဖိုးထားမှုများ

၀၉ အခန်း (၃)
ဆုံးဖြတ်ချက်ချခြင်းဆိုင်ရာ အခြေခံမှုများ

၁၁ အခန်း (၄)
ကော်မတီဖွဲ့စည်းထားရှိခြင်း

၁၆ အခန်း (၅)
ရွေးကောက်တင်မြှောက်ခြင်းနှင့် ကော်မတီ ဖွဲ့စည်းခြင်းနည်းလမ်း

၂၁ အခန်း (၆)
ကော်မတီ၏ လုပ်ပိုင်ခွင့်နှင့်လုပ်ငန်းတာဝန်များ

၃၀ အခန်း (၇)
တားမြစ်ချက်များနှင့် စည်းမျဉ်းစည်းကမ်းများ

၃၃ အခန်း (၈)
စည်းမျဉ်းစည်းကမ်းများနှင့် တားမြစ်ချက်များကို မလိုက်နာသည့်အခါ ဖြေရှင်းခြင်း

၃၅ အခန်း (၉)
အထွေထွေ


## အပိုဒ် (၁) ဒေါ်လာအင်းဒေသအရင်းအမြစ် စီမံအုပ်ချုပ်မှုဟူသည်

*ဒေါ်လာအင်းဒေသ* ဟုဆိုလျှင် မိကရင်၊ မုက္ကဒိ၊ ကမ်းကြီး၊ ခဲတောက် နှင့် ကမ်းကလေးရွာများ၊ ထိုကျေးရွာဧရိယာအတွင်းတည်ရှိသော သဘာဝအရင်းအမြစ်ဖြစ်သော ရေ၊မြေ၊သစ်တော၊ဇီဝမျိုးစုံမျိုးကွဲများနှင့် ဒေသနေလူထုများ၏ ဒေသတွင်းအသက်မွေးမှုလုပ်ငန်းများ၊ ရှင်သန်မှုပုံစံနှင့် ရိုးရာအလေ့အထများကို ဆိုလိုခြင်းဖြစ်သည်။ ဒေါ်လာအင်းဒေသဟုခေါ်ဆိုရခြင်းမှာ ထိုရွာ(၅)ရွာ၏အလယ်တွင် ဒေသနေလူထုများမှီခိုအားထားရသည့် ဒေါ်လာအင်းကြီးတည်ရှိနေခြင်းကြောင့်ဖြစ်သည်။ ဒေါ်လာအင်းသည် သဘာဝအရ ထုံးကျောက်တောင်များ၊ ဂူများ၊ ချောင်းငယ်မြောင်းငယ်လေးများ၊ အင်းအိုင်ငယ်လေးများ၊ တောင်ကုန်းများနှင့် စိမ့်တောများ၊ ရေပေါ်ဒိုက်များ၊ မြက်ခင်းပြင်များ၊ ရေအောက်မှော်ပင်များနှင့် ဇီဝမျိုးစုံမျိုးကွဲများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။

ဒေါ်လာအင်းဒေသသည် သံလွင်မြစ်၏ ဖြတ်သန်းစီးဆင်းရာဖြစ်သော မြစ်အောက်ပိုင်းရှိ ကရင်ပြည်နယ်၊ ဖားအံမြို့တစ်ဖက်ကမ်းတွင် တည်ရှိသည်။ ဒေါ်လာအင်းသည် သံလွင်မြစ်နှင့် မိုးရာသီရေလွှမ်းလွင်ပြင်ဆက်စပ်ခြင်းနှင့် ချောင်းငယ်များနှင့်လည်း ချိတ်ဆက်နေခြင်းကြောင့် တော်လှအင်း (ခ) ဒေါ်လာအင်းကြီးနှင့် ၎င်းသဘာဝအရင်းအမြစ်များသည် သံလွင်မြစ်၏ မြစ်ဝှမ်းလည်းဖြစ် ရေဝင်ရေလဲ နေရာတစ်ခုလည်းဖြစ်သည်။

ဤဒေသအရင်းအမြစ်များ ရေရှည်တည်တံ့ပြီး အစဉ်အမြဲရယူအသုံးပြုနိုင်ရန် အပြန်အလှန်အမှီသဟဲပြုနေသည့် ရေ၊မြေ၊တောတောင်များနှင့် ဂေဟာစနစ်သည် အမြဲရှင်သန်ကောင်းမွန်နေရန်လိုအပ်သည်။ ထို့ကြောင့် ၂၀၁၅ခုနှစ်တွင် ဒေသနေလူထုများသည် သဘာဝပတ်ဝန်းကျင်အကြောင်း နက်နဲစွာနားလည်စေရန် ဒေသအရင်းအမြစ် လေ့လာသင်ယူမှုဖြစ်စဉ်တစ်ရပ်ကို စတင်လုပ်ဆောင်ခဲ့သည်။ အထူး

သဖြင့် ဒေသ၏ရေနှင့်ရေအရင်းအမြစ် စီမံအုပ်ချုပ်မှုယန္တရားတွင် သဘာဝပတ်ဝန်းကျင် ကောင်းမွန်စွာတည်ရှိစေခြင်းနှင့်အတူ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများကိုအပံ့အပိုးဖြစ်စေရမည်။ သို့ဖြစ်သောကြောင့် ဒေါလာအင်းဒေသအရင်းအမြစ် စီမံအုပ်ချုပ်မှုဟူသည် မိမိတို့ဒေသ၏ မိရိုးဖလာအရ စီမံအုပ်ချုပ်မှုအလေ့အထများ၊တန်ဖိုးများနှင့်နည်းနာများကို ပြန်လည်ဖော်ထုတ်ပြီး ဒေသနှင့်ကိုက်ညီသော စည်းမျဉ်းစည်းကမ်းများ ချမှတ်ခြင်းဖြင့် မိမိတို့ကိုယ်တိုင်စီမံအုပ်ချုပ်မှုများ ပြုလုပ်ခြင်းဖြစ်ပြီး ဒေသနေလူထုများ၏ စီမံအုပ်ချုပ်မှုအခွင့်အရေးကို အသိအမှတ်ပြုလာစေရန် ရည်ရွယ်ဖော်ဆောင်ခြင်းဖြစ်သည်။




## အပိုဒ် (၂) ဒေသအခြေပြု ရေအရင်းအမြစ်စီမံအုပ်ချုပ်မှု၏ အရေးကြီးမှု



ရေသည် အဓိကကျသော သဘာဝပတ်ဝန်းကျင်တစ်ရပ်ဖြစ်သည်။ သို့သော် ရေသည်သီးခြားတည်ရှိနိုင်ခြင်းမျိုးမဟုတ်ဘဲ သန့်ရှင်းကောင်းမွန်သောကုန်းမြေ၊သစ်တောများနှင့်အပင်များ၊တိရစ္ဆာန်များပေါ်တွင် များစွာတင်မှီနေသည့်ဂေဟစနစ်အစိတ်အပိုင်းတစ်ခုလည်း ဖြစ်သည်။ ထို့ကြောင့်ရေကိုစီမံရာတွင် ၎င်းနှင့်ဆက်စပ်နေသော အရင်းအမြစ်များနှင့် ဂေဟာအစိတ်အပိုင်းများကိုပါ စီမံထိန်းသိမ်းရန်အရေးကြီးသည်။ ရေနှင့်ရေ၏ဆက်စပ်သော ဂေဟာစနစ်များ ယိုယွင်းပျက်စီးမှုမရှိစေရန်နှင့် အသက်မွေးဝမ်းကျောင်းမှုများအပေါ် ထပ်လောင်းသက်ရောက်မှုမရှိစေရန် ဟန်ချက်ညီညီ ထိရောက်မှန်ကန်စွာ စီမံနိုင်ရန်လိုအပ်သည်။

သို့သော် မျက်မှောက်ကာလတွင်လည်း ရေနှင့်ရေအရင်းအမြစ်များဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေများ၊လုပ်ဆောင်ချက်များသည် ဒေသနေလူထုကို ဗဟိုပြုတည်ဆောက်ထားခြင်း မဟုတ်သောကြောင့် ဒေသ၏ဓလေ့ထုံးတမ်းအရ စီမံအုပ်ချုပ်မှုများကိုအကာအကွယ်ပေးခြင်းနှင့်အသိအမှတ်ပြုမှု အားနည်းကာ ဒေသနေလူထုများ၏ လိုအပ်ချက်များနှင့် အလှမ်းဝေးကွာနေသည်ကိုတွေ့ရသည်။ ထို့ကြောင့်ဒေသနေလူထုကိုယ်တိုင် ကိုယ်ပိုင်အမြင်ဖြင့် စနစ်တကျ စီမံဆောင်ရွက်နေသော ဒေသအခြေပြု ရေနှင့်ရေအရင်းအမြစ်စီမံအုပ်ချုပ်မှု ရှိရန်လိုအပ်ခြင်းနှင့် ကာကွယ်ပေးသည့် လုံခြုံသောစနစ်ကို ဖန်တီး တည်ဆောက်ရန်လိုအပ်သည်။ ဒေသအခြေပြု ရေအရင်းအမြစ်စီမံအုပ်ချုပ်မှုသည် ဒေသနေလူထုနှင့်အရင်းအမြစ်အပေါ် သက်ရောက်နေသောစိန်ခေါ်မှု ခြိမ်းခြောက်မှုများကို ကာကွယ်ပေးနိုင်ခြင်းနှင့် ရိုးရာဓလေ့အရ အရင်းအမြစ်စီမံမှုများကို အသိအမှတ်ပြုခြင်းကို ဖော်ဆောင်ပေးနိုင်သော လမ်းစဉ်တစ်ခုဖြစ်သည်။ သို့ဖြစ်သောကြောင့် ရေအရင်းအမြစ်စီမံအုပ်ချုပ်မှုကို ဖော်ဆောင်ရခြင်းဖြစ်သည်။







# မျှော်မှန်းချက်၊ လုပ်ငန်းစဉ်၊ ရည်ရွယ်ချက်နှင့် စံတန်ဖိုးထားမှုများ

## အပိုဒ် (၃) မျှော်မှန်းချက်

"ရေရှည်တည်တံ့သည့် အသက်မွေးဝမ်းမှု၊ မျှတသောလူမှုဝန်းကျင်၊ ကောင်းမွန်သောဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင်တည်ရှိစေရန်နှင့် ရေနှင့်ရေအရင်းအမြစ်စီမံအုပ်ချုပ်မှု စနစ်တကျရှိစေရန်" ဖြစ်သည်။

## အပိုဒ် (၄) လုပ်ငန်းစဉ်

"ရေနှင့်ရေအရင်းအမြစ်ကို ဒေသနေလူထုအားလုံး လက်လှမ်းမီပြီး အတူတကွ ခွဲဝေသုံးစွဲနိုင်အောင် လုပ်ဆောင်ရန်" ဖြစ်သည်။

## အပိုဒ် (၅) ရည်ရွယ်ချက်

ဒေါ်လာအင်းမိသားစုများသည် မိမိတို့ပိုင်ဆိုင်သော ဒေသအရင်းအမြစ်များကို မိမိတို့ကိုယ်တိုင် အစဉ်အမြဲစီမံအုပ်ချုပ်နိုင်ရန်နှင့် သားစဉ်မြေးဆက်စဉ်ဆက်မပြတ်ရယူအသုံးပြုနိုင်ရန်၊ ကောင်းမွန်သောသဘာဝပတ်ဝန်းကျင်တွင်နေထိုင်နိုင်ပြီး ဂေဟစနစ်များမပျက်ဆီးစေရန် ထိန်းသိမ်းဆောင်ရွက်ရန်နှင့် ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းဆောင်ရွက်ရန်ဖြစ်သည်။

## အပိုဒ် (၆) စံတန်ဖိုးထားမှုများ

"သဘာဝပတ်ဝန်းကျင်၊ အသက်မွေးဝမ်းမှု၊ ရိုးရာဓလေ့၊ ပူးပေါင်းဆောင်ရွက်မှု၊ စုပေါင်းဆုံးဖြတ်ချက်ချမှု၊ ပွင့်လင်းမြင်သာမှု၊ လူမှုရေးတရားမျှတမှု၊ အပြန်အလှန်လေးစားမှု၊ ကွဲပြားသောလူမှုဖြစ်တည်မှုကို အလေးထားမှု" တို့ဖြစ်ကြသည်။

## အပိုဒ် (၇) ဒေါ်လာအင်းဒေသအရင်းအမြစ် စီမံအုပ်ချုပ်မှုများ လုပ်ဆောင်ရာတွင် အောက်ပါမှုများအပေါ်တွင် အခြေခံ၍လုပ်ဆောင်ရမည်။

၁) (၅) ရွာလုံး ပူးပေါင်းပါဝင်မှုဖြင့် ဆွေးနွေးဆုံးဖြတ်ရမည်။

၂) အနည်းဆုံးအမျိုးသမီး ၃၀%၊ လူငယ်များနှင့် CLFs များပါဝင်ရမည်။

၃) ပွင့်လင်းမြင်သာမှု ရှိရမည်။

၄) လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းနှင့်စပ်လျဉ်းသည့် ပါဝင်ပက်သက်သူများ အားလုံးပါဝင်ရမည်။

၅) ရေရှည်တည်တံ့ခိုင်မြဲမှုကို မျှော်ကိုးရမည်။

၆) အစောတလျှင်မဆုံးဖြတ်ရန်နှင့် (၅) ရွာလုံးမှကော်မတီများ ပါဝင်သောပူးပေါင်း လုပ်ဆောင်မှုရှိရမည်။

ခြွင်းချက် - ချက်ချင်းဆုံးဖြတ်ချက်ချရန် လိုအပ်သောကိစ္စများ ပေါ်ပေါက်လာပါက အားလုံးတွေ့ဆုံဆွေးနွေးရန် ခြေနေမပေးသောအခါ အရေးပေါ်ကိစ္စ ရင်ဆိုင်ကြုံတွေ့နေသော ကျေးရွာကော်မတီဝင်များမှ ကျန်ကျေးရွာကော်မတီဝင်များကို ဆက်သွယ်အသိပေးအကြောင်းကြားခြင်းဖြင့် အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းပြီးအရေးပေါ်အခြေအနေကို ဆုံးဖြတ်လုပ်ဆောင်နိုင်သည်။ အရေးပေါ်အခြေအနေ၏ စဉ်းစားချက်မှာ ငါးလုပ်ငန်းကဏ္ဍ တားမြစ်ချက်များနှင့် အခြားတားမြစ်ချက်များတစ်ခုခုကို တစ်စုံတစ်ဦး(သို့)အစုအဖွဲ့ တစ်ခုက ချိုးဖောက်လုပ်ဆောင်နေသည်ကို တွေ့ရှိလျှင် ချက်ချင်းဖြေရှင်းရန် (သို့) အပြစ်ပေးအရေးယူရန် လိုအပ်သောအခြေအနေကိုဆိုလိုသည်။

၇) ဒေါ်လာအင်းဒေသတွင် ပြင်ပဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ဝင်ရောက်လာလျှင်သော်လည်းကောင်း၊ ဒေသတွင်း ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ရှိလာလျှင်သော်လည်းကောင်း စီမံခန့်ခွဲခြင်းဆိုင်ရာကိစ္စများကို (၅) ရွာလုံးကော်မတီမှ ဆွေးနွေးဆုံးဖြတ်ပြီး လူထု၏သဘောတူညီချက်ကို ရယူရမည်။

၈) အမျိုးသမီးများ၊ လူငယ်များ၊ မသန်စွမ်းသူများနှင့် ကဏ္ဍစုံမှကိုယ်စားပြုမှု ပါဝင်လာစေရန် အားပေးတိုက်တွန်းဆောင်ရွက်ပြီး ၎င်းတို့၏ စဉ်းစားတွေးခေါ်မှုများ၊ ဆွေးနွေးပြောဆိုမှုများနှင့် လုပ်ဆောင်များတွင် ပါဝင်လာမှုကို အလေးအနက်အသိအမှတ်ပြုရမည်။

၉) ညီမျှမှုနှင့် တရားမျှတမှုကို အခြေခံရမည်ဖြစ်ပြီး ခွဲခြားဆက်ဆံမှုကင်းပြီး ဘက်လိုက်ခြင်းမရှိစေရန် ဆောင်ရွက်ရမည်။

၁၀) အမျိုးသား၊ အမျိုးသမီးများ၏ တန်းတူညီမျှမှုအပေါ် အခြေခံ၍ ၎င်းတို့သည် မည်သည့်ဖြစ်တည်မှုမျိုးဖြစ်စေကာမူ မျှတသောအခွင့်အရေးများရှိစေရန် အလေးအနက် ထည့်သွင်းစဉ်းစား ဖော်ဆောင်ရမည်။

၁၁) ရိုးရာဓလေ့များကို ပြန်လည်ဖော်ထုတ်ခြင်း၊ ဆက်လက်ထိန်းသိမ်းခြင်းများကို အခြေခံရမည်။

၁၂) ဖြစ်ပေါ်လာသော ဒေသတွင်းပဋိပက္ခများနှင့် ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် အခန်း (၈)၊ အပိုဒ်(၃၀)၊ နံပါတ်(၅)ပေါ် အခြေခံ၍ လုပ်ဆောင်ရမည်။

## အပိုဒ် (၈) ကော်မတီဖွဲ့စည်းထားရှိခြင်း၏ ရည်ရွယ်ချက်

ဒေါ်လာအင်းဒေသတွင် ဒေသအရင်းအမြစ်စီမံအုပ်ချုပ်မှုနှင့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ဒေါ်လာအင်းမိသားစု၏ သဘောဆန္ဒသည် အဓိကကျသော အခြေခံအရင်းအမြစ်ဖြစ်သည်။ ဒေါ်လာအင်းဒေသအရင်းအမြစ်စီမံအုပ်ချုပ်မှုသည် ဒေါ်လာအင်းမိသားစုများ၏ မျှော်လင့်ချက်များကို ဖြည့်ဆည်းနိုင်ရန်နှင့် ချမှတ်ထားသောရည်ရွယ်ချက်၊ မျှော်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊ လုပ်ငန်းစဉ်များကို စနစ်တကျချမှတ်ဆောင်ရွက်နိုင်ရန် ဒေါ်လာအင်းအရင်းအမြစ် စီမံအုပ်ချုပ်မှုကော်မတီကို ဖွဲ့စည်းထားရှိသည်။ ထိုသို့ ကော်မတီဖွဲ့စည်းရာတွင် ဦးဆောင်ကော်မတီနှင့် ကဏ္ဍအလိုက်ကော်မတီဟူ၍ ဖွဲ့စည်းထားရှိသည်။

## အပိုဒ် (၉) ဦးဆောင်ကော်မတီ

ဦးဆောင်ကော်မတီကို အောက်ပါကော်မတီဝင် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတည်ဆောက်သည်။

၁) ဘဏ္ဍာငွေရှာဖွေရေးနှင့် စီမံခန့်ခွဲရေးကော်မတီ အဖွဲ့ဝင် (၅) ဦး၊

၂) ရေအရင်းအမြစ်အသုံးချခြင်းနှင့်စီမံခန့်ခွဲမှုကော်မတီ၏ အဖွဲ့ခေါင်းဆောင် (၂) ဦး၊

၃) ဇီဝမျိုးစုံမျိုးကွဲများလေ့လာခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းကော်မတီအဖွဲ့ခေါင်းဆောင် (၂) ဦး၊

၄) အစားအစာစီမံအုပ်ချုပ်မှုနှင့် အသက်မွေးဝမ်းကျောင်းမှု စီမံရေးကော်မတီ၏ အဖွဲ့ခေါင်းဆောင် (၂) ဦး၊ စုစုပေါင်းအဖွဲ့ဝင် (၁၁) ဦးဖြင့် ဖွဲ့စည်းထားရှိသည်။ ၄င်းကို ဥက္ကဌ၊ ဒုဥက္ကဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများထားရှိခြင်းဖြင့် ဖွဲ့စည်းထားရှိသည်။

## အပိုဒ် (၁၀) ကဏ္ဍအလိုက်ကော်မတီ

ကဏ္ဍအလိုက်ကော်မတီ ဟုဆိုရာတွင် အောက်ဖော်ပြပါ ကော်မတီများကို ဆိုလိုသည်။

၁) ဇီဝမျိုးစုံမျိုးကွဲများလေ့လာခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းကော်မတီ၊

၂) ရေအရင်းအမြစ်အသုံးချခြင်းနှင့် စီမံခန့်ခွဲမှုကော်မတီ၊

၃) အစားအစာစီမံအုပ်ချုပ်မှုနှင့် အသက်မွေးဝမ်းကျောင်းမှုစီမံရေးကော်မတီ၊

၄) ဘဏ္ဍာငွေရှာဖွေရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၊

၅) ရုံးပိုင်းဆိုင်ရာနှင့် စီမံခန့်ခွဲမှုအထောက်အကူပြုအဖွဲ့ (သို့) ဒေသတွင်းဦးဆောင်ဆွေးနွေးသူများ (CLFs)။

## အပိုဒ် (၁၁) ကော်မတီ၏ အရည်အချင်း

၁) ဒေါ်လာအင်းဒေသအရင်းအမြစ်များ စီမံအုပ်ချုပ်ရာတွင် စိတ်ပါဝင်စားမှုရှိသူများ ဖြစ်ရမည်။

၂) လုပ်ငန်းလုပ်ဆောင်ရာတွင် လေ့လာသင်ယူလိုစိတ် ရှိသူဖြစ်ပြီး ဖွဲ့ရှိသူများဖြစ်ရမည်။

၃) သက်ဆိုင်ရာကဏ္ဍအလိုက်တွင် ဒေသအသိပညာနှင့် ဗဟုသုတရှိသူ ဖြစ်ရမည်။

၄) ကျေးရွာလူထုများ သဘာဝအရင်းအမြစ်များ၏ တန်ဖိုးကိုသိရှိပြီး ချစ်ခင်မြတ်နိုးလာစေရန်နှင့် အရင်းအမြစ်စီမံခန့်ခွဲမှုလုပ်ငန်းများကို သိရှိရန် ပြန်လည်ဝေမျှနိုင်သူ ဖြစ်ရမည်။

## အပိုဒ် (၁၂) ကော်မတီသက်တမ်း

၁) သုံးနှစ်တစ်ကြိမ် ရွေးကောက်ပွဲများပြုလုပ်၍ ကော်မတီဝင်များကို ပြန်လည်ရွေးချယ်တင်မြှောက်မည်။

၂) ကော်မတီဝင်များသည် ရွေးကောက်ပွဲတွင် သက်တမ်း (၂) ကြိမ် ထိသာဝင်ရောက်အရွေးခံနိုင်သည်။

## အပိုဒ် (၁၃) ကော်မတီလစ်လပ်နေရာ အစားထိုးခြင်း

၁) ကဏ္ဍအလိုက်တွင် တစ်ဦးဦးလစ်လပ်သွားပါက လစ်လပ်သည့်ရွာက ပြန်လည်ရွေးချယ်တင်မြှောက်ရမည်။

၂) ဦးဆောင်ကော်မတီတွင် တစ်ဦးဦးလစ်လပ်သွားပါက လစ်လပ်သည့် ကဏ္ဍမှ ပြန်လည်ရွေးချယ်တင်မြှောက်ရမည်။ လစ်လပ်သည့်နေရာသည် ဥက္ကဌ ၊ ဒုဥက္ကဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး တစ်ဦးဦးဖြစ်ခဲ့လျှင် ရွေးချယ်တင်မြှောက်ရန် သတ်မှတ်ထားသောနည်းလမ်းကဲ့သို့ ပြန်လည်ရွေးချယ်တင်မြှောက်ရမည်။

၃) ဦးဆောင်ကော်မတီတွင် ဥက္ကဌနေရာလစ်လပ်သွားပါက အစားထိုးရွေးချယ်တင်မြှောက်ခြင်း မပြီးမြှောက်ခင်အထိ ဒုဥက္ကဌမှ ဥက္ကဌ၏နေရာကို ယာယီတာဝန်ယူပေးရမည်။

## အပိုဒ် (၁၄) အကြံပေးအဖွဲ့

စီမံအုပ်ချုပ်မှုကော်မတီတွင် အကြံပေးအဖွဲ့ကို ဖွဲ့စည်းထားရှိသည်။ အကြံပေးအဖွဲ့ကိုဖွဲ့စည်းရာတွင် အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းသွားမည်။

၁) တရားဝင်ရွေးချယ်တင်မြှောက်ထားသော ကော်မတီအဖွဲ့ဝင် (၇၅) ဦးထဲတွင် မပါသော ယာယီကော်မတီအဖွဲ့ဝင်များ၊ (မှတ်ချက် - ယာယီကော်မတီဆိုသည်မှာ တရားဝင်ရွေးချယ်တင်မြှောက်ထားသော ကော်မတီများမပေါ်ထွက်လာခင် အင်းထိန်းသိမ်းရေးလုပ်ငန်းတွင် ပါဝင်လုပ်ဆောင်သောသူများကို ဆိုလိုသည်။)

၂) ကျေးရွာတွင်ရှိသော ရှေ့မီနောက်မီပုဂ္ဂိုလ်များ၊

၃) ဘာသာရေးခေါင်းဆောင်များ၊


၄) အမျှော်အမြင်၊ ဝေဖန်ပိုင်းခြားနိုင်သူ။

မှတ်ချက် - ကော်မတီကို တရားဝင်ရွေးချယ်ဖွဲ့စည်းပြီးနောက်တွင် ကော်မတီအဖွဲ့ဝင် (၇၅) ယောက်မှ အကြံပေးအဖွဲ့ကို တစ်ရွာ (၃) ယောက်နှင့် စုစုပေါင်း (၁၅) ယောက်ဖြင့် ရွေးချယ်ဖွဲ့စည်းသွားမည်ဖြစ်ပြီး ကော်မတီကဲ့သို့ပင် (၃) နှစ်သက်တမ်းဖြစ်သည်။ အကြံပေးအဖွဲ့သည် ကော်မတီ၏လုပ်ဆောင်နေသော လုပ်ငန်းတာဝန်များတွင် အကြံဉာဏ်ပေးရမည်ဖြစ်ပြီး ကော်မတီမှ အရေးကိစ္စများ ဖြေရှင်းသောအခါ ၎င်းအဖွဲ့အနေဖြင့် ကြားဝင်ဖြန်ဖြေပေးရမည်ဖြစ်သည်။

အကြံပေးအဖွဲ့သည် ဒေသအရင်းအမြစ်၊ရေအရင်းအမြစ် စီမံအုပ်ချုပ်မှုနှင့်ပတ်သက်ပြီး ကော်မတီကို အကြံဉာဏ်များပေးခြင်း၊ အရေးကိစ္စများကြုံလာသောအခါ ကြားဝင်ဖြန်ဖြေ ဖြေရှင်းပေးခြင်း အခန်းကဏ္ဍများတွင် ပါဝင်ဆောင်ရွက်ရမည်။ အကြံပေးအဖွဲ့သည် ဒေသတွင်းဦးဆောင်ဆွေးနွေးသူ (CLFs) များကိုလည်း ပံ့ပိုးအကြံပေးမှုများပြုလုပ်ရမည်။

## အပိုဒ် (၁၅) ကျေးရွာအုပ်ချုပ်ရေးမှူး၏ အခန်းကဏ္ဍ

အုပ်ချုပ်ရေးမှူးများသည် ဒေါ်လာအင်းဒေသအရင်းအမြစ်စီမံအုပ်ချုပ်မှုလုပ်ငန်းများတွင် ကော်မတီများနှင့်အတူ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မှုများ ပြုလုပ်ရမည်။



အုပ်ချုပ်ရေးရုံး
ကျေးရွာအုပ်ချုပ်ရေး
ဦးဆောင်ကော်မတီ
အဖွဲ့ဝင် (၁၁)ဦး
အကြံပေးအဖွဲ့
ဦးဆောင်ကော်မတီတွင်
ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်
တွဲဖက်အတွင်းရေးမှူးများ ပြန်လည်
ရွေးချယ်တင်မြှောက်မည်။
ဘဏ္ဍာငွေ ရှာဖွေရေးနှင့်
စီမံခန့်ခွဲရေးကော်မတီ
အဖွဲ့ဝင် (၅)ဦး
တစ်ရွာကိုယ်စားပြု(၁)ဦး
ရုံးပိုင်းဆိုင်ရာနှင့် စီမံခန့်ခွဲမှု
အထောက်အကူပြုအဖွဲ့
(CLFs)
ကော်မတီခွဲများမှ ကျေးရွာကို အခြေခံပြီး တစ်ဦးနန်းဖြင့် ရွေးချယ်သည်။
ခေါင်းဆောင်(၂)ဦး
ခေါင်းဆောင်(၂)ဦး
ခေါင်းဆောင်(၂)ဦး
ခေါင်းဆောင်(၂)ဦးစီ ပြန်လည်ရွေးချယ်တင်မြှောက်ပြီး
ထို(၂)ဦးသည် ဦးဆောင်ကော်မတီဝင်ဖြစ်လာမည်။ (ကျား - ၁ဦး၊ မ - ၁ဦးဖြစ်ရမည်။)
ဇီဝမျိုးစုံ မျိုးကွဲလေ့လာခြင်းနှင့်
ထိန်းသိမ်းရေးကော်မတီ
ရေအရင်းအမြစ်အသုံးချခြင်းနှင့်
စီမံခန့်ခွဲခြင်း ကော်မတီ
အစားအစာစီမံအုပ်ချုပ်မှုနှင့်
အသက်မွေးဝမ်းကြောင်းမှု
စီမံရေးကော်မတီ
တစ်ရွာလျှင် ကိုယ်စားပြု(၅)ဦးစီ ရွေးချယ်ထားရှိမည်ဖြစ်သည်။
တစ်ရွာလျှင်(၁၅)ဦးကိုယ်စားလှယ်နှင့်
ထို(၁၅)ဦးထဲတွင် အမျိုးသမီးအနည်းဆုံး(၅)ဦး
ပါဝင်ရမည်ဖြစ်ပြီး (၅)ရွာပေါင်း(၇၅)ဦး
ကိုယ်စားလှယ်ဖြင့် ကော်မတီကို ဖွဲ့စည်းထားရှိသည်။
စုစုပေါင်းကိုယ်စားပြု(၇၅)ဦး
မိကရင်ရွာ
၁၅ဦး
မုဋ္ဌဒီရွာ
၁၅ဦး
ခဲတောက်ရွာ
၁၅ဦး
ကမ်းကလေးရွာ
၁၅ဦး
ကမ်းကြီးရွာ
၁၅ဦး

# အခန်း (၅)

## ရွေးကောက်တင်မြှောက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းနည်းလမ်း

### အပိုဒ် (၁၆) ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ခြင်းနည်းလမ်း

၁) ကျေးရွာတစ်ရွာခြင်းစီတွင် ကျေးရွာအလိုက်အပိုင်းများခွဲ၍ စည်းဝေးခေါ်ယူခြင်းဖြင့် ပြည်သူများမှ မိမိကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းများကို အများပြည်သူသဘောဆန္ဒနှင့်အညီ ရွေးချယ်၍ အမျိုးသမီး/သားများနှင့် လူငယ်ကိုယ်စားပြုများပါဝင်စေရန် သတိပြုရွေးချယ်ရမည်။

၂) ကျေးရွာတစ်ရွာချင်းစီတွင် ကျေးရွာအလိုက်အပိုင်းများခွဲ၍ ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ရာတွင် အပိုင်း (၃) ပိုင်းဖြင့် ရွေးချယ်မည်ဖြစ်သော ကျေးရွာများတွင် ကျေးရွာအပိုင်းတစ်ပိုင်းလျှင် အမျိုးသမီး (၅) ဦး၊ အမျိုးသား (၅) ဦး၊ စုစုပေါင်း (၁၀) ဦးဖြင့် ကနဦးရွေးချယ်တင်မြှောက်မှုများပြုလုပ်ရမည်။ ထို့ကြောင့် အပိုင်း (၃) ပိုင်းဖြင့် ရွေးချယ်လိုက်သောကျေးရွာများမှာ စုစုပေါင်းကနဦး ရွေးချယ်တင်မြှောက်လိုက်သော ကိုယ်စားလှယ်လောင်းမှာ (၃၀) ဦးဖြစ်သည်။ ကျေးရွာများ၏ မူရင်းတည်ရှိပြီးသော ဖွဲ့စည်းမှုအရ အပိုင်း (၃) ပိုင်းဖြင့် သတ်မှတ်ရွေးချယ်ရခြင်းဖြစ်ပြီး ထိုကျေးရွာများမှာ ကမ်းကြီး၊ မုက္ကဒိ၊ ခဲတောက် တို့ဖြစ်ကြသည်။

၃) ကျေးရွာတစ်ရွာခြင်းစီတွင် ကျေးရွာအလိုက် အပိုင်းများခွဲ၍ ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ရာတွင် အပိုင်း (၅) ပိုင်းဖြင့် ရွေးချယ်မည်ဖြစ်သော ကျေးရွာများတွင် ကျေးရွာအပိုင်းတစ်ပိုင်းလျှင် အမျိုးသမီး (၃) ဦး၊ အမျိုးသား (၃) ဦး၊ စုစုပေါင်း (၆) ဦးဖြင့် ကနဦးရွေးချယ်တင်မြှောက်မှုများ ပြုလုပ်ရမည်။ ထို့ကြောင့် အပိုင်း (၅) ပိုင်းဖြင့် ရွေးချယ်လိုက်သောကျေးရွာများမှာ စုစုပေါင်းကနဦး ရွေးချယ်တင်မြှောက်လိုက်သော ကိုယ်စားလှယ်လောင်းမှာ (၃၀) ဦးဖြစ်သည်။ ကျေးရွာများ၏ မူရင်းတည်ရှိပြီးသောဖွဲ့စည်းမှုအရ အပိုင်း (၅) ပိုင်းဖြင့် သတ်မှတ်ရွေးချယ်ရခြင်းဖြစ်ပြီး ထိုကျေးရွာများမှာ ကမ်းကလေး၊ မိကရင်တို့ဖြစ်ကြသည်။

၄) ကျေးရွာအလိုက် ကိုယ်စားလှယ်လောင်းများကို ကနဦးရွေးချယ်မှုများ ပြုလုပ်ပြီးသည့်အခါ အပိုင်း (၃) ပိုင်းဖြင့် ရွေးချယ်ထားသောကျေးရွာများတွင် ကျေးရွာအပိုင်းအလိုက် မိမိတို့ကနဦး ရွေးချယ်တင်မြောက်လိုက်သော ကိုယ်စားလှယ်လောင်းများထဲမှ (၅) ဦးကို လျှို့ဝှက်မဲပေးစနစ်ဖြင့် အနည်းဆုံးအမျိုးသမီး (၂) ဦး၊ အမျိုးသား (၂) ဦးကို ရွေးချယ်တင်မြောက်ရမည်။ ရွေးချယ်တင်မြောက်လိုက်သော ကိုယ်စားလှယ် (၁၅) ဦးသည် ကော်မတီဖွဲ့စည်းရာတွင် ကျေးရွာအလိုက်တရားဝင် ကိုယ်စားပြုကိုယ်စားလှယ်များဖြစ်လာသည်။

၅) ကျေးရွာအလိုက် ကိုယ်စားလှယ်လောင်းများကို ကနဦးရွေးချယ်မှုများ ပြုလုပ်ပြီးသည့်အခါ အပိုင်း (၅) ပိုင်းဖြင့် ရွေးချယ်ထားသောကျေးရွာများတွင် ကျေးရွာအပိုင်းအလိုက် မိမိတို့ကနဦး ရွေးချယ်တင်မြောက်လိုသော ကိုယ်စားလှယ်လောင်းများထဲမှ (၃) ဦးကို လျှို့ဝှက်မဲပေးစနစ်ဖြင့် အနည်းဆုံးအမျိုးသမီး (၁) ဦး၊ အမျိုးသား (၁) ဦးကို ရွေးချယ်တင်မြောက်ရမည်။ ရွေးချယ်တင်မြောက်လိုက်သော ကိုယ်စားလှယ် (၁၅) ဦးသည် ကော်မတီဖွဲ့စည်းရာတွင် ကျေးရွာအလိုက်တရားဝင်ကိုယ်စားပြုကိုယ်စားလှယ်များ ဖြစ်လာသည်။

၆) ကျေးရွာအလိုက် ကိုယ်စားလှယ် (၁၅) ဦးသည် ကဏ္ဍ (၃) ရပ်ကော်မတီဖြစ်သော ရေအရင်းအမြစ်အသုံးချခြင်းနှင့် စီမံခန့်ခွဲမှုကော်မတီ၊ ဇီဝမျိုးစုံမျိုးကွဲများ လေ့လာခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်မှုကော်မတီ၊ အစားအစာစီမံအုပ်ချုပ်မှုနှင့် အသက်မွေးဝမ်းကျောင်းမှုစီမံရေးကော်မတီများကို မိမိတို့မှသင့်တော်သည်ထင်သည့် (၅) ဦးစီဖြင့် ရွေးချယ်ဖွဲ့စည်းထားရှိသည်။ ( မှတ်ချက်- ရေအရင်းအမြစ်အသုံးချခြင်းနှင့် စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းရာတွင် စိုက်ပျိုးရေးလုပ်ကိုင်သူများနှင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် အသုံးပြုသည့် ရေလမ်းကြောင်းတစ်လျှောက်တွင် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများပါဝင်ရမည်။)

၇) ကျေးရွာအလိုက် ထိုကိုယ်စားလှယ် (၁၅) ဦးကိုပင် မိမိတို့မှ (၁) ဦးကို ဘဏ္ဍာငွေရှာဖွေရေးနှင့် စီမံခန့်ခွဲမှုကော်မတီအဖြစ် မူလရည်ရွယ်ထားပြီးသားဖြစ်၍ ကဏ္ဍ (၃) ရပ်၏ မည်သည့်ကဏ္ဍတွင်ရောက်ရှိစေကာမူ ထို (၁) ဦးသည် ဘဏ္ဍာငွေရှာဖွေရေးနှင့် စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်ဖြစ်လာသည်။

၈) ဖော်ပြပါကဏ္ဍ (၃) ရပ်တွင် ကဏ္ဍတစ်ရပ်စီမှ အမျိုးသမီး (၁) ဦး၊ အမျိုးသား (၁) ဦးဖြင့် မိမိတို့၏ ခေါင်းဆောင် (၂) ဦးစီကို မဲပေးရွေးချယ်ရမည်ဖြစ်ပြီး ထိုကဏ္ဍ (၃) ရပ်၏ခေါင်းဆောင်များနှင့် ဘဏ္ဍာငွေရှာဖွေရေးနှင့် စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်များဖြင့် ဦးဆောင်ကော်မတီကို ဖွဲ့စည်းထားရှိသည်။

၉) ဦးဆောင်ကော်မတီ၏ ကြီး (၄) ကြီးဖြစ်သော ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများကို ကော်မတီဝင်အားလုံး (၇၅) ဦးမှ မဲပေးစနစ်ဖြင့် ရွေးချယ်တင်မြောက်မည်။

၁၀) အဆင့်လိုက်မဲပေးရာတွင် မဲအရေအတွက်အစဉ်လိုက် အများဆုံးရရှိသူများသည် သက်ဆိုင်ရာကိုယ်စားပြုကိုယ်စားလှယ်များအဖြစ် ရွေးချယ်တင်မြောက်မည် ဖြစ်သည်။

## အပိုဒ် (၁၇) မဲကော်မရှင်ဖွဲ့စည်းခြင်း

၁) ကနေဦးကိုယ်စားလှယ်လောင်းများ ရွေးချယ်ပြီးမှသာလျှင် ယာယီကော်မတီ (သို့) စီမံအုပ်ချုပ်မှုကော်မတီမှ မဲကော်မရှင်ကို ဦးဆောင်ဖွဲ့စည်းမည်ဖြစ်သည်။

၂) ကျေးရွာအဆင့် (ပထမအဆင့်) မဲကော်မရှင်ကို မဲကော်မရှင်ဦးရေ (၅) ဦး ဖြင့် ဖွဲ့စည်းမည်။

၃) ဒုတိယအဆင့် ဦးဆောင်ကော်မတီကိုယ်စားလှယ်များကို မဲပေးရွေးချယ်ခြင်းတွင် မဲကော်မရှင်ကို ပထမအဆင့်ကျေးရွာအလိုက် မဲကော်မရှင်များထဲမှ တစ်ရွာလျှင် (၁) ဦးစီဖြင့် ဖွဲ့စည်းမည်။

၄) မဲကော်မရှင်ကို ဖွဲ့စည်းရာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့များနှင့် ကနဦးရွေးချယ်မှုတွင် မပါဝင်သော ယာယီကော်မတီဝင်ဟောင်းများဖြင့် ဖွဲ့စည်းရမည်။

## အပိုဒ် (၁၈) မဲပေးရာတွင် သတ်မှတ်ချက်များနှင့် မဲဆန္ဒရှင်များလိုက်နာရန် စည်းမျဉ်းစည်းကမ်း

၁) အသက် (၁၆) နှစ်ပြည့်ပြီးသူတိုင်း မဲပေးပိုင်ခွင့်ရှိသည်။

၂) အိမ်ထောင်စုတစ်စုတွင် အနည်းဆုံး (၁) ယောက်မဲပေးရမည်။

၃) မဲပေးရာတွင် ကျေးရွာအပိုင်းအလိုက် အနည်းဆုံး ၇၅% ပြည့်ရမည်။ ထိုသို့ ၇၅% ပြည့်မီမှ ရွေးချယ်တင်မြှောက်ခြင်း အထမြောက်မည်ဖြစ်သည်။

၄) မဲပေးရာတွင် မဲဆန္ဒရှင်များသည် လူငယ်ကိုယ်စားလှယ်များ ပါဝင်လာစေရန် သတိပြုရွေးချယ်ရမည်။

၅) ကျေးရွာအလိုက်မဲပေးရာတွင် လျှို့ဝှက်မဲပေးစနစ် (အမှန်ခြစ်မဲပြား) ဖြင့်ရွေး ချယ်မည်ဖြစ်သည်။

၆) ကျေးရွာအလိုက်မဲပေးရာတွင် ကနဦးရွေးချယ်ထားသော ကိုယ်စားလှယ် လောင်းများသည် မိမိကိုယ်ကိုမဲထည့်ခြင်း (သို့မဟုတ်) အခြားကိုယ်စားလှယ် လောင်းများကိုလည်း မဲပေးရွေးချယ်နိုင်သည်။



၇) မဲပေးရာတွင် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် မညီသောမဲပြားများကိုပယ်မဲအဖြစ် သတ်မှတ်မည်ဖြစ်သည်။ (ပယ်မဲစည်းမျဉ်းစည်းကမ်း - မိမိရွေးချယ်လိုသော ကိုယ်စားလှယ်လောင်းအမည်၏ဘေး လေးထောင့်ကွက်တွင် အမှန်ခြစ်မဟုတ်ဘဲ အခြားသင်္ကေတတစ်ခုခုဖြစ်ခြင်း၊ လေးထောင့်ကွက်၏ ပြင်ပတွင် အမှန်ခြစ်လုပ်ထားခြင်း၊ လေးထောင့်ကွက်တစ်ခုနှင့်တစ်ခု၏ကြားတွင် အမှန်ခြစ်ပြုလုပ်ထားခြင်း၊ သတ်မှတ်ထားသော ရွေးချယ်ရမည့် ကိုယ်စားလှယ်ထက်ပို၍ အမှန်ခြစ်ပြုလုပ်ထားခြင်း၊ ပဲပြားတွင်အလွတ်ဖြစ်နေခြင်းတို့ကို ပယ်မဲအဖြစ်သတ်မှတ်သည်။)

၈) ကဏ္ဍ (၃) ရပ်ကော်မတီဖြစ်သော ရေအရင်းအမြစ်အသုံးချခြင်းနှင့် စီမံခန့်ခွဲမှုကော်မတီ၊ ဇီဝမျိုးစုံမျိုးကွဲများလေ့လာခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်မှုကော်မတီ၊ အစားအစာစီမံအုပ်ချုပ်မှုနှင့် အသက်မွေးဝမ်းကျောင်းမှုစီမံရေးကော်မတီများက ၎င်းတို့ကဏ္ဍတစ်ခုခြင်းစီ၏ ခေါင်းဆောင် (၂) ဦးကို ရွေးချယ်ရာတွင် မိမိကိုယ်ကို မဲပေးခြင်း (သို့မဟုတ်) အခြားကိုယ်စားလှယ်များကိုလည်း မဲပေးရွေးချယ်နိုင်သည်။

၉) ၎င်းကဏ္ဍ (၃) ရပ်၏ ခေါင်းဆောင် (၂) ဦးကို မဲပေးရွေးချယ်ရာတွင် လျှို့ဝှက်မဲပေးစနစ်ဖြင့် ကိုယ်စားလှယ်များ၏ အမည်နှင့်ကျေးရွာအမည်ကို ရေးသားရမည်။

၁၀) ဦးဆောင်ကော်မတီ (၁၁) ဦးထဲတွင် ကြီး (၄) ကြီးကို ရွေးချယ်ရာ၌ ကိုယ်စားလှယ် (၇၅) ဦးသည် လျှို့ဝှက်မဲပေးစနစ်ဖြင့် မိမိကြိုက်နှစ်သက်ရာ ကိုယ်စားလှယ် (၁) ဦး၏ အမည်နှင့်ကျေးရွာအမည်ကို ရေးသားရမည်။

၁၁) ကိုယ်စားလှယ်များသည် မဲအရေအတွက် တူညီမှုရှိလာပါက မဲကော်မရှင်မှ အဆုံးအဖြတ်ပေးမည်ဖြစ်သည်။

၁၂) မဲပေးရာတွင် အခက်အခဲရှိသော မဲဆန္ဒရှင်များကို မဲကော်မရှင်မှ ကူညီဆောင်ရွက်ပေးမည်။

၁၃) မဲကော်မရှင်သည် ဘက်လိုက်ဆောင်ရွက်ခြင်း မပြုလုပ်ရ။

## အပိုဒ် (၁၉) ဒေါ်လာအင်းအရင်းအမြစ်စီမံအုပ်ချုပ်မှုကော်မတီ တစ်ခုလုံး၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်

၁) ဒေါ်လာအင်းဒေသအရင်းအမြစ်စီမံအုပ်ချုပ်ရေးကော်မတီသည် အများပြည်သူများက ပွင့်လင်းမြင်သာမှုရှိစွာ ရွေးချယ်ထားသော တရားဝင်ကိုယ်စားလှယ်များဖြစ်သည်နှင့်အညီ ဒေါ်လာအင်းဒေသစီမံအုပ်ချုပ်ရေးဆိုင်ရာအရေးကိစ္စများကို လုပ်ပိုင်ခွင့်ရှိပြီး ဒေသခံပြည်သူများ၏ အလုံးစုံသောအကျိုးစီးပွားကို ရေရှည်တည်တံ့စေရန်သော်လည်းကောင်း၊ ဒေသခံပြည်သူများသည် ကျန်းမာသောသဘာဝပတ်ဝန်းကျင်တွင် နေထိုင်နိုင်ပြီး ဂေဟစနစ်ပျက်ဆီးမှုမရှိစေရန်နှင့် ရေရှည်အသက်မွေးဝမ်းကျောင်းမှု ပြုလုပ်နိုင်ရန်အတွက်သော်လည်းကောင်း၊ မိရိုးဖလာများကို ပြန်လည်ဖော်ထုတ်ခြင်းနှင့် ဆက်လက်ထိန်းသိမ်းခြင်းများကိုလည်းကောင်း၊ ပြည်သူများ၏ သဘောဆန္ဒနှင့်အညီ လုပ်ဆောင်ရန်တာဝန်ရှိသည်။

၂) ဒေါ်လာအင်းဒေသစီမံအုပ်ချုပ်ရေးကော်မတီသည် ဖြစ်ပေါ်လာသော ပဋိပက္ခများကို ဒေသခံပြည်သူများလက်ခံထားသော ဒေသစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်သည်။ ထို့ပြင် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြင်ပဆက်ဆံရေးနှင့်ဆက်နွယ်နေသော အရေးကိစ္စများကို ဒေသခံပြည်သူများ၏ သဘောဆန္ဒနှင့်အညီ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ရမည်။

၃) ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိပြီး တာဝန်ယူတာဝန်ခံမှုများရှိစွာ လုပ်ဆောင်ရမည်။

၄) ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ရွေးချယ်ထားသော တရားဝင်ကိုယ်စားလှယ်များသည် ဒေါ်လာအင်းဒေသစီမံအုပ်ချုပ်ခြင်းဆိုင်ရာ အရေးကိစ္စရပ်များအားလုံးနှင့်ပတ်သတ်သော ဆုံးဖြတ်ချက်များနှင့် လုပ်ဆောင်ချက်များကို တိကျမှန်ကန်ပြည့်စုံသော သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ ဖြန့်ဝေပေးခြင်းများ ပြုလုပ်ရမည်။ ထို့ပြင် ဒေသခံပြည်သူများကို သဘာဝပတ်ဝန်းကျင်ရေရှည်တည့်တံ့ခိုင်မြဲရေးနှင့် ဂေဟစနစ်မပျက်ဆီးစေရန်အတွက် အသိပညာပေး ဆွေးနွေးဆောင်ရွက်မှုများ ပြုလုပ်ရမည်။

၅) ကော်မတီကိုယ်စားလှယ်များအားလုံးသည် ဒေါ်လာအင်းဒေသစီမံအုပ်ချုပ်ရေး ကော်မတီအစည်းအဝေးတိုင်းတွင် စည်းလုံးညီညွတ်စွာဖြင့် တက်တက်ကြွကြွတက် ရောက်ဆွေးနွေးရမည်ဖြစ်ပြီး ကျေးရွာပြည်သူများသည် အကြံဉာဏ်ပေးတက် ရောက်ပါဝင်ဆွေးနွေးနိုင်သည်။ ကော်မတီမှလည်း ပြည်သူများ၏ အကြံပေးဆွေးနွေး ချက်များကို အလေးအနက်ထည့်သွင်းစဉ်းစားရမည်။

၆) ဒေါ်လာအင်းဒေသ စီမံအုပ်ချုပ်ရေးကော်မတီသည် ရေရှည်တွင် မိမိတို့၏ ဒေသ နှင့်ကိုက်ညီသော ဒေသခံပြည်သူများ လက်ခံကျင့်သုံးမှုများကို နိုင်ငံတော်ဥပဒေ ပေါ်လစီများတွင် အသိအမှတ်ပြု ပေါ်ထွက်လာစေရန် ထည့်သွင်းစဉ်းစားလုပ် ဆောင်ရမည်။ ထိုသို့လုပ်ဆောင်ရာတွင် ဒေသခံပြည်သူများ၏ နားလည်သဘော ပေါက်မှုနှင့်အတူ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပြီး လိုအပ်ပါက ပြင်ပမှလူပုဂ္ဂိုလ်(သို့) အဖွဲ့အစည်းများထံမှ အကြံဉာဏ်များ၊ ပံ့ပိုးဆောင်ရွက်မှုများနှင့်အတူ လုပ်ဆောင် နိုင်သည်။

၇) ချမှတ်ထားသောစီမံခန့်ခွဲမှုနှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၈) ကော်မတီတစ်ခုလုံးသည် တစ်နှစ်တစ်ကြိမ် ပုံမှန်အစည်းအဝေးကို တက်ရောက် ရမည်။ တစ်နှစ်တစ်ကြိမ် ပုံမှန်အစည်းအဝေးတွင် မိမိတို့၏ တစ်နှစ်တာလုပ်ဆောင် ခဲ့သော လုပ်ငန်းဆောင်တာများ၏ အားနည်းချက်နှင့် အားသာချက်များ၊ စိန်ခေါ်မှု နှင့် အောင်မြင်မှုများကို ဆွေးနွေးတင်ပြခြင်းများနှင့်အတူ ရှေ့လုပ်ငန်းစဉ်များဆွေးနွေး ချမှတ်ရမည်။

## အပိုဒ် (၂၈) ဦးဆောင်ကော်မတီ၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ


၁) ဦးဆောင်ကော်မတီသည် ကဏ္ဍအလိုက်ကော်မတီများ၏လုပ်ငန်းလုပ်ဆောင် ချက်များအပေါ်တွင် အကြံပြုချက်များ တောင်းခံလာပါက ကောင်းမွန်သောလုပ် ဆောင်ချက်များနှင့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် အကြံပြုဆွေးနွေးဆောင်ရွက်မှု များ ပြုလုပ်ရမည်။ ထို့ပြင် ကဏ္ဍအလိုက်ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်ချက် များအပေါ် လိုအပ်ပါက ထိန်းကျောင်းဆောင်ရွက်မှုများ ပြုလုပ်ရမည်။

၂) ကဏ္ဍအလိုက်ကော်မတီများ၏ လုပ်ဆောင်ချက်များအပေါ်တွင် အခက်အခဲ ပြဿနာများ တစ်စုံတစ်ရာတင်ပြလာပါက ဝိုင်းဝန်းဖြေရှင်းပေးရမည်။

၃) အရေးပေါ်အခြေအနေများ ပေါ်ပေါက်လာပါက ဦးဆောင်ကော်မတီသည် ညှိနှိုင်းအစည်းအဝေးများ ခေါ်ယူကျင်းပပြီး လိုအပ်ပါက ကဏ္ဍအလိုက်ကော်မတီများကို အစည်းအဝေးခေါ်ယူပြီး အရေးပေါ်အခြေအနေဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းတင်ပြရမည်။

၄) ဦးဆောင်ကော်မတီတွင် ပါဝင်သောကဏ္ဍအလိုက် ကိုယ်စားလှယ်များသည် မိမိတို့ကဏ္ဍ၏ လုပ်ဆောင်ချက်ခြေနေများနှင့် ပတ်သတ်၍ ဦးဆောင်ကော်မတီအစည်းအဝေးသို့ ပုံမှန်တင်ပြရမည်ဖြစ်ပြီး အစည်းအဝေးဆွေးနွေးဆုံးဖြတ်ချက်များကိုလည်း မိမိတို့ကဏ္ဍအဖွဲ့ဝင်များကို ပုံမှန်ပြန်လည်ဝေငှ တင်ပြရမည်။

၅) ဒေါ်လာအင်းဒေသတွင် သဘာဝအရင်းအမြစ်ဆိုင်ရာ ပြင်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဝင်ရောက်လာလျှင်သော်လည်းကောင်း၊ ဒေသတွင်း (သို့) ပြင်ပ အခြေခံအဆောက်အုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပေါ်ပေါက်လာလျှင်သော်လည်းကောင်း မှန်ကန်တိကျသော သတင်းအချက်အလက်များကို ရှာဖွေစုဆောင်းမျှဝေပေးခြင်း၊ ပြင်ပဝင်ရောက်လာသူများနှင့် ဆက်ဆံစကားပြောဆိုဆွေးနွေးခြင်းများပြုလုပ်ရမည်။



၆) ဒေါ်လာအင်းဒေသအရင်းအမြစ်စီမံအုပ်ချုပ်မှုကော်မတီများအားလုံး၏ လုပ်ဆောင်ချက်များကို ပြန်လည်သုံးသပ်နိုင်ရန်အတွက် တစ်နှစ်တစ်ကြိမ် ပုံမှန်အစည်းအဝေးခေါ်ယူဆောင်ရွက်ရမည်။

၇) ဦးဆောင်ကော်မတီ၏ ပုံမှန်အစည်းအဝေးကို (၃) လတစ်ကြိမ် စည်းဝေးခေါ်ယူကျင်းပရမည်။

၈) ငွေကြေးဆိုင်ရာကိစ္စရပ်များကို ပွင့်လင်းမြင်သာမှုရှိစွာ ကိုင်တွယ်ဖြေရှင်းရန်နှင့် ဘဏ္ဍာရေးရှင်းတမ်းများကို လုပ်ဆောင်ရမည်။

၉)  ဒေါ်လာအင်းဒေသတွင်းအရင်းအမြစ်ပေါ်တွင် တစ်စုံတစ်ရာသုံးစွဲမှုပြုလုပ်လို ပါက ကော်မတီသည် အရင်းအမြစ်ဆိုင်ရာ အချက်အလက်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ကော်မတီများထံသို့ အချက်အလက်များရယူခြင်းနှင့် အကြံဉာဏ် တောင်းခံခြင်းများပြုလုပ်ရမည်။

၁၀)  သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်သည့် မည်သူ့ကို မဆို စည်းမျဉ်းစည်းကမ်းများနှင့်အညီ စီစစ်ပြီး ဖြေရှင်းဆောင်ရွက်ရမည်။

၁၁)  ဦးဆောင်ကော်မတီသည် မိမိတို့၏စည်းဝေးဆိုင်ရာ ဆွေးနွေးဆုံးဖြတ်ချက်များ ကို မှတ်တမ်းရေးမှတ်ထားရမည်။

၁၂)  ဒေါ်လာအင်းဒေသအရင်းအမြစ်စီမံအုပ်ချုပ်ရာတွင် စီမံခန့်ခွဲမှုနှင့် လုပ်ငန်းစဉ် များကို ကဏ္ဍအလိုက်ကော်မတီများနှင့် အတူတကွပူးပေါင်းရေးဆွဲချမှတ်ရမည်။

## အပိုဒ် (၂၁) ဇီဝမျိုးစုံမျိုးကွဲများ လေ့လာခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း ကော်မတီ၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ

၁)  ကော်မတီသည် အင်းပတ်ဝန်းကျင်တွင်ရှိသော ဇီဝမျိုးစုံမျိုးကွဲများ လေ့လာမှတ် တမ်းပြုစုရမည်။ (ငှက်မျိုးစိတ်များ၊ ကုန်းနေရေနေသတ္တဝါများ၊ ဟင်းသီးဟင်းရွက်၊ အပင်များစသောအရာများကို သုတေသနပြုမှတ်တမ်းတင်ခြင်း၊ ဒေသမျိုးစိတ်၊ ရာသီ အလိုက်စိုက်ပျိုးပင်များ၊ ဆေးဖက်ဝင်အပင်များ၊ တောရိုင်းတိရစ္ဆာန်များ၊ ရှားပါးမျိုး စိတ်များ)

၂)  သုတေသနပြုလုပ်နိုင်ရန် လူငယ်များ၊ အမျိုးသမီးများ၊ ရှေ့မီနောက်မီများ၊ ဦး တည် (သက်ဆိုင်ရာကျွမ်းကျင်သူများ) အုပ်စုများနှင့် အတူတကွပူးပေါင်းဆောင်ရွက် ရမည်။

၃)  သုတေသနရလဒ်ကို အများပြည်သူသိရှိစေရန် အသိပညာပေးဆောင်ရွက်ရမည်။

၄) ဒေသနေလူထုများ ၎င်းတို့တစ်ဦးချင်းပိုင် ရေကန်အတွင်းသို့ သော်လည်းကောင်း အင်းမကြီးအတွင်းသို့ သော်လည်းကောင်း ပြင်ပမှငါးမျိုးစိတ်များ ထည့်လိုပါက ကော်မတီမှ ငါးမျိုးစိတ်များကိုစီစစ်ပြီး မသင့်တော်သည်ရှိလျှင် တားမြစ်ရမည်။

၅) အင်းပတ်ဝန်းကျင်တွင် နေထိုင်ကျက်စားသည့် ဇီဝမျိုးကွဲများကို ထိခိုက်စေသော လုပ်ဆောင်ချက်များကို ဖြေရှင်းဆောင်ရွက်နိုင်ရန် ဦးဆောင်မှုများ ပြုလုပ်ရမည်။

၆) အင်း၏ ရေအရည်အသွေးကို လေ့လာစောင့်ကြည့်မှတ်သားရမည်။

၇) ကော်မတီသည် ၎င်းတို့၏ ပုံမှန်အစည်းအဝေးများကို (၃) လတစ်ကြိမ်ခေါ်ယူကျင်းပရမည်။

၈) ကော်မတီသည် မိမိတို့၏ အစည်းအဝေးဆိုင်ရာ ဆွေးနွေးဆုံးဖြတ်ချက်များကို မှတ်တမ်းရေးမှတ်ထားရမည်။



## အပိုဒ် (၂၂) ရေအရင်းအမြစ်အသုံးချခြင်းနှင့် စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များ

၁) ရေစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ စိုက်ပျိုးရေးအဖွဲ့အချင်းချင်း ရာသီဥတုပေါ်/ရေအခြေအနေပေါ် မူတည်ပြီး ရေခွဲဝေဆောင်ရွက်ခြင်းများကို ကြည့်ကြပ်ဆောင်ရွက်ရမည်။



၂) ရေဖွင့်ရေပိတ်ခြင်းကိစ္စနှင့် ပတ်သက်၍ စပါးစိုက်ပျိုးသူများနှင့် ငါးဖမ်းသူများ အကြား ကော်မတီမှ ညှိနှိုင်းဆွေးနွေးပြီး မိရိုးဖလာအစဉ်အလာအရ စီမံခန့်ခွဲမှုကို ဦးစားပေးဆောင်ရွက်ရမည်။ (မိရိုးဖလာအစဉ်အလာအရ ရေခွဲဝေခြင်းနှင့်ပတ်သက်၍ စပါးစိုက်ပျိုးသူများအား ဦးစားပေးဆောင်ရွက်သည်)

၃) ကန်တူးခြင်း၊ တူးမြောင်းတူးဖော်ခြင်းနှင့်ပတ်သက်ပြီး အင်းအပေါ်သက်ရောက်သော ဆိုးကျိုးကောင်းကျိုးများကို စောင့်ကြည့်လေ့လာပြီး ပုံမှန်ကော်မတီအစည်းအဝေးတွင် တင်ပြဆွေးနွေးဆောင်ရွက်ရမည်။

၄) ကော်မတီသည် ၎င်းတို့၏ ကော်မတီပုံမှန်စည်းဝေးကို (၃) လတစ်ကြိမ် ခေါ်ယူကျင်းပရမည်။



၅) မိရိုးဖလာအရအသုံးပြုလာခဲ့သော တူးမြောင်းငယ်၊ ချောင်းများကို စဉ်ဆက်မပြတ် ရေစီးရေလာကောင်းမွန်စေရန်အတွက် ပြုပြင်ရန် လိုအပ်လျှင်သော်လည်းကောင်း၊ ရေစီးကြောင်းများကို အဟန့်အတားဖြစ်စေသော အရာများကို ဖယ်ရှားရန် လိုအပ်လျှင်သော်လည်းကောင်း တိုင်ပင်ဆွေးနွေးလုပ်ဆောင်ရမည်။

၆) ကော်မတီသည် မိမိတို့၏စည်းဝေးဆိုင်ရာ ဆွေးနွေးဆုံးဖြတ်ချက်များကို မှတ်တမ်းရေးမှတ်ထားရမည်။

## အပိုဒ် (၂၃) အစားအစာစီမံအုပ်ချုပ်မှုနှင့် အသက်မွေးဝမ်းကျောင်းမှု စီမံရေး ကော်မတီ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များ

၁) ကော်မတီသည် ဒေသတွင်းအစားအစာဖူလုံမှုအတွက် သော်လည်းကောင်း၊ ဒေသထွက်ကုန်များ စဉ်ဆက်မပြတ်ရရှိနိုင်ရန်အတွက် သော်လည်းကောင်း စီစစ်မှုများပြုလုပ်ရမည်။

၂) ဒေသတွင်းအစားအစာဖူလုံမှုကို ထိခိုက်မှုမရှိစေရန်နှင့် အသက်မွေးဝမ်းမှုလုပ်ငန်းများအပေါ် ထိခိုက်မှုများပေါ်ပေါက်လာပါက ကော်မတီသည် အကြံဉာဏ်ပေးခြင်း၊ ဝိုင်းဝန်းအဖြေရှာခြင်းများ ပြုလုပ်ရမည်။

၃) ဒေသထွက်စားသုံးကုန်များဖြစ်သော ငါးလုပ်ငန်း၊ သဘာဝရာသီပေါ်သီးနှံ၊ ရာသီအလိုက် စိုက်ပျိုးသီးနှံ၊ နှစ်ရှည်ပင်သီးနှံများ၏ ဈေးကွက်ကွင်းစက်များကို လေ့လာစူးစမ်းဖော်ထုတ်ရမည်။

၄) ဒေသနေပြည်သူများသည် ဒေသနှင့်ကိုက်ညီပြီး သဘာဝသယံဇာတနှင့်ဂေဟစနစ်ထိခိုက်ပျက်ဆီးမှုမရှိစေသော အသက်မွေးဝမ်းကျောင်းမှုဖန်တီးနိုင်သည့် နည်းလမ်းများကို အသိပညာပေးနိုင်သောပညာရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရမည်။

၅) ဒေသထွက်ကုန်ဖြင့် ပြုလုပ်ထားသော လက်မှုပစ္စည်းများ၊ ဒေသထွက်ကုန်ဖြင့် ဖန်တီးထုတ်လုပ်နိုင်သော လက်မှုပစ္စည်းများ၏ နည်းပညာများကို လေ့လာအကြံပြုရမည်။

၆) ကော်မတီသည် ဒေသထွက်ကုန်ပမာဏများ၊ ဈေးနှုန်းများနှင့် ဈေးကွက်ဝင်နိုင်သော နည်းလမ်းများကို စဉ်းစားကူညီပေးရမည်။

၇) ကော်မတီသည် မိမိတို့၏ကော်မတီပုံမှန်အစည်းအဝေးကို (၃) လတစ်ကြိမ်ခေါ်ယူကျင်းပရမည်။

၈) ကော်မတီသည် မိမိတို့၏စည်းဝေးဆိုင်ရာ ဆွေးနွေးဆုံးဖြတ်ချက်များကို မှတ်တမ်းရေးမှတ်ထားရမည်။

## အပိုဒ် (၂၄) ဘဏ္ဍာငွေရှာဖွေရေးနှင့် စီမံခန့်ခွဲရေးကော်မတီ လုပ်ပိုင်ခွင့်နှင့် တာဝန်များ

၁) ကော်မတီသည်ဘဏ္ဍာငွေ /ရန်ပုံငွေ ရရှိလာစေရန်အတွက် ကဏ္ဍအလိုက်ကော်မတီများနှင့် ရံပုံငွေရှာဖွေရန်နည်းလမ်းများကို ဆွေးနွေးတိုင်ပင်မှုများပြုလုပ်ခြင်းနှင့် ရရှိလာသောဘဏ္ဍာငွေကို မှတ်တမ်းနှင့်အတူ ထိန်းသိမ်းထားရှိရမည်။

၂) ကော်မတီသည် ငွေကြေးများကို စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းရန်၊ မှန်ကန်တိကျသော စာရင်းဇယားများကို ပြုစုမှတ်သားရန်နှင့် စာရင်းရှင်းတမ်းထုတ်ပေးရမည်။

၃) ကော်မတီအနေဖြင့် ငွေကြေးဆိုင်ရာကိစ္စရပ်များကို ပွင့်လင်းမြင်သာမှုရှိစွာ၊ တာဝန်ယူ/တာဝန်ခံမှုရှိစွာ ကိုင်တွယ်ဖြေရှင်းရန်နှင့် ဦးဆောင်ကော်မတီပုံမှန်အစည်းဝေးထံသို့ တင်ပြရမည်။

၄) ကဏ္ဍအလိုက်ကော်မတီများအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ သိရှိမေးမြန်းလိုသောအခါ ဘဏ္ဍာရေးကော်မတီအနေဖြင့် ပြန်လည်ရှင်းပြရမည်။

၅) ကဏ္ဍအလိုက်ကော်မတီများအနေဖြင့် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ငွေကြေးလိုအပ်ချက်များအပေါ် တင်ပြတောင်းဆိုလာသည်များကို လွှဲပြောင်းပေးခြင်းနှင့် ကဏ္ဍအလိုက်ကော်မတီများအား ငွေကြေးများကို စနစ်တကျသုံးစွဲနိုင်ရန် စီစစ်ကူညီပေးရမည်။

၆) ကော်မတီသည် စည်းဝေးဆိုင်ရာဆွေးနွေးဆုံးဖြတ်ချက်များကို မှတ်တမ်းရေးမှတ်ရမည်။

၇) ကော်မတီသည် မိမိတို့၏ကော်မတီပုံမှန်စည်းဝေးကို (၃) လတစ်ကြိမ်ခေါ်ယူကျင်းပရမည်။

## အပိုဒ် (၂၅) ရုံးပိုင်းဆိုင်ရာနှင့် စီမံခန့်ခွဲမှုအထောက်အကူပြုအဖွဲ့ (သို့) ဒေသတွင်း ဦးဆောင်ဆွေးနွေးသူများ (CLFs) ၏ လုပ်ပိုင်ခွင့်နှင့်တာဝန်များ

ဒေါ်လာအင်းဒေသအရင်းအမြစ်စီမံအုပ်ချုပ်မှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် ဒေသတွင်းဦးဆောင်ဆွေးနွေးသူများကို ရွေးချယ်ထားရှိပြီး ထိုသူများကို အထူးသဖြင့် ကျေးရွာလူထုမှလူငယ်များဖြင့် ရွေးချယ်ထားရှိသည်။ ဒေသတွင်းစီမံအုပ်ချုပ်မှုနှင့်ပတ်သက်၍ အဓိက facilitate (ဆွေးနွေးမှုတွင် လွယ်ကူချောမွေ့စေရန် ဦးဆောင်ဦးရွက်) ပြုလုပ်ရမည်ဖြစ်ပြီး လိုအပ်ပါက ကမကထ ချိတ်ဆက်ဆောင်ရွက်ပေးရမည်။

၁) ဤအထောက်အကူပြုအဖွဲ့သည် အင်းထိန်းသိမ်းရေး စီမံအုပ်ချုပ်မှုလုပ်ငန်းများကို နားလည်သိရှိအောင် ကြိုးစားရမည်ဖြစ်ပြီး ဦးဆောင်ကော်မတီများ၊ ကဏ္ဍအလိုက်ကော်မတီများ၏ အစည်းအဝေးများတွင် တက်ရောက်ဆွေးနွေးမှုများနှင့် ၎င်းတို့၏ လုပ်ဆောင်ချက်များအပေါ်တွင် ထိန်းညှိအကြံပြုပေးပိုင်ခွင့်ရှိသည်။ အထောက်အကူပြုအဖွဲ့သည် ကော်မတီကို တည့်မတ်ထိန်းညှိရာတွင် အကြံပေးအဖွဲ့၏ အထောက်အကူကို ရယူနိုင်သည်။

၂) ကော်မတီအစည်းဝေးများ ကျင်းပရန်ရှိသောအခါ ဝိုင်းဝန်းပံ့ပိုးမှုများပေးခြင်းနှင့် အသိပေးအကြောင်းကြားခြင်းများ ပြုလုပ်ရမည်။

၃) ဤအထောက်အကူပြုအဖွဲ့သည် အင်းထိန်းသိမ်းရေး စီမံအုပ်ချုပ်မှုလုပ်ငန်းများနှင့် ပတ်သတ်သောစာရွက်စာတမ်းများ၊ မှတ်တမ်းများကို စနစ်တကျမှတ်တမ်းတင်စုဆောင်းထိန်းသိမ်းရမည်။

၄) ဤအထောက်အကူပြုအဖွဲ့သည် ဦးဆောင်ကော်မတီများ၊ ကဏ္ဍအလိုက်ကော်မတီများမှ စည်းဝေးဆိုင်ရာမှတ်တမ်းရေးမှတ်ရန် အကူအညီတောင်းခံလာပါက ကူညီဆောင်ရွက်မှုများ ပြုလုပ်ရမည်။

၅) ရုံးပိုင်းဆိုင်ရာပစ္စည်းများကို စနစ်တကျရှိစေရန်စီမံခန့်ခွဲခြင်းနှင့် ထိန်းသိမ်းခြင်းများပြုလုပ်ရမည်။

၆) ဤအထောက်အကူပြုအဖွဲ့သည် လူငယ်စည်းရုံးရေးများနှင့် ပြင်ပလူမှုအဖွဲ့အစည်းများ ချိတ်ဆက်ဆောင်ရွက်မှုများ ပြုလုပ်ရမည်။

၇) ဤအထောက်အကူပြုအဖွဲ့သည် မိမိတို့၏လုပ်ငန်းဆောင်တာများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် ဦးဆောင်ကော်မတီများ၊ ကဏ္ဍအလိုက်ကော်မတီများထံသို့ လိုအပ်ပါက အကူအညီတောင်းခံနိုင်သည်။

၈) ဤအထောက်အကူပြုအဖွဲ့သည် မိမိတို့၏ပုံမှန်အစည်းအဝေးကို (၃) လတစ်ကြိမ်ခေါ်ယူကျင်းပရမည်။

## အခန်း (၇)
### တားမြစ်ချက်များနှင့် စည်းမျဉ်းစည်းကမ်းများ

### အပိုဒ် (၂၆) ငါးလုပ်ငန်းကဏ္ဍ တားမြစ်ချက်များ

မည်သူမဆို အောက်ဖော်ပြပါ တားမြစ်ချက်များကို လိုက်နာရမည်။

၁) လျှပ်စစ်ဖြင့် ငါးဖမ်းခြင်း၊

၂) ပိုက်ဆွဲခြင်း၊

၃) ပိုက်ဝိုင်းခြင်း၊

၄) ဒိုက်ခုတ်၊ ဒိုက်ဖောက်ခြင်း၊

၅) ပိုးသတ်ဆေး၊ အဆိပ်ချငါးဖမ်းခြင်း၊

၆) ငါးရစ်တက်ချိန် ငါးဖမ်းခြင်း၊ (ငါးရစ်တက်ချိန်ကို (၁) လသတ်မှတ်သည်။)

၇) ငါးဘောမဲ့ဖုံတွင်း ငါးဖမ်းခြင်း၊

၈) ချုံချခြင်း၊

၉) လပြည့်လကွယ်နှင့်ရှစ်ရက်နေ့များတွင် ငါးဖမ်းခြင်း၊

(ခြွင်းချက် - အဖိတ်နေ့များတွင် ပိုက်သွားချထားသူများသည် လပြည့်လကွယ်၏ မနက်စောစောတွင် ပိုက်သွားသိမ်းခွင့်ရှိသည်။)

၁၀) ငါးကန်တူးခြင်း၊

၁၁) နွေရာသီရေနည်းချိန်တွင် ပြင်ပရွာများမှ လာရောက်ငါးဖမ်းခြင်း။

## အပိုဒ် (၂၇) စိုက်ပျိုးရေးကဏ္ဍ တားမြစ်ချက်များ

၁) စိုက်ပျိုးကာလတွင်း ရေလမ်းကြောင်းများဟန့်တားပိတ်ဆို့စေသော အရာများ လုပ်ဆောင်ခြင်း။

၂) ရေလမ်းကြောင်းပိတ်ဆို့မှုများကို ရှင်းလင်းရာတွင် ဆွေးနွေးညှိနှိုင်းမှုမရှိခြင်း။

၃) သတ်မှတ်ထားသော ရေခွဲဝေရေးကာလကိုကျော်လွန်၍ ရေရယူထားခြင်းနှင့် ပြန်လည်ဝေမျှမှုမပြုလုပ်ခြင်း။

၄) အင်းပတ်ဝန်းကျင်တွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများသည် ပိုးသတ်ဆေး နှင့် ဓာတ်မြေသြဇာသုံးစွဲခြင်း မပြုလုပ်ရ။

## အပိုဒ် (၂၈) အခြားတားမြစ်ချက်များ

၁) ငှက်များကိုသေနတ်ဖြင့်ပစ်ခြင်း၊ ပိုးသတ်ဆေးဖြန်း/ကျွေးခြင်း၊ ပိုက်အမျိုးမျိုးဖြင့်ဖမ်းခြင်း။

(ခြွင်းချက် - ငှက်များသည် ပျိုးပင်၊ စပါးစသည်တို့ကို စားသောက်ဖျက်ဆီးပါက လေးခွဖြင့် ခြောက်လှန့်ပစ်နိုင်သည်။)

၂) သံလွင်ပင်/သံလွင်ကိုင်းများကို ခုတ်ယူခြင်း၊ ဇရစ်များကို ကတ်ကြေးဖြင့် ညှပ်ခြင်း။

၃) သဘာဝဟင်းသီးဟင်းရွက်များကို အမျိုးတုံးအောင် ခူးယူခြင်း။

၄)   ဒေါ်လာအင်းဒေသ အများပိုင်ဧရိယာအတွင်း ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းလုပ်ကွက်ထူထောင်ခြင်း။

၅)   အများပိုင်မြေဧရိယာထဲတွင် စီးပွားဖြစ် ထင်းခုတ်ယူခြင်း။

၆)   ကျေးရွာများ၏ စုပေါင်းအသုံးပြုသော မြေများဖြစ်သော စားကျက်မြေ၊ စိမ့်တောမြေ၊ သစ်တောမြေ၊ သင်္ချိုင်းမြေစသည့် အများပိုင်မြေနေရာတွင် တစ်ဦးတစ်ယောက် ပိုင်ဆိုင်မှုအနေဖြင့် တိုးချဲ့ပြုလုပ်ခြင်းမပြုရ။

## အပိုဒ် (၂၉) အခြားစည်းကမ်းချက်များ

၁)   စပါးစိုက်ပျိုးရေးအတွက် ရေစီမံရာတွင် ပတက်စပါးအတွက် တန်ဆောင်မုန်းလပြည့်တွင် ရေစပိတ်မည်ဖြစ်ပြီး တန်ဆောင်မုန်းလကွယ်တွင် ရေပြန်ဖွင့်မည်ဖြစ်သည်။ ထိုနည်းတူ မရင်းစပါးအတွက် ရေကိုတန်ဆောင်မုန်းလကုန်တွင် ခဲတောက်တမံတွင် စဖွင့်မည်။ သို့သော် ရာသီဥတုအပြောင်းအလဲပေါ်မူတည်ပြီး ညှိနှိုင်းဆွေးနွေးရမည်။

၂)   ရေဖွင့်ရေပိတ်ခြင်းနှင့် ရေစီးရေလာကို အဟန့်အတားဖြစ်စေသော အရာများကို ရှင်းလင်းလိုပါက စိုက်ပျိုးရေးနှင့် ရေခွဲဝေရေးကော်မတီအချင်းချင်းကြား ညှိနှိုင်းပြီး ဦးဆောင်ကော်မတီကို အသိပေးအကြောင်းကြားပြီး လုပ်ဆောင်နိုင်သည်။

## အပိုဒ် (၃၀) တားမြစ်ချက်များကို မလိုက်နာပါက အောက်ပါအတိုင်းလုပ်ဆောင်ရမည်။

၁) မည်သူမဆို တားမြစ်ချက်များနှင့်စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ပါက ပထမဦးဆုံးအကြိမ်ဖြစ်လျှင် အင်းအရင်းအမြစ်ထိန်းသိမ်းရေး စည်းမျဉ်းစည်းကမ်းများကိုသိရှိနားလည်စေရန် ကော်မတီမှရှင်းလင်းပြောကြားခြင်းနှင့် ထပ်မံမချိုးဖောက်စေရန် ဝန်ခံကတိလက်မှတ်ရေးထိုးစေခြင်း။

၂) ငါးလုပ်ငန်းကဏ္ဍစည်းမျဉ်းစည်းကမ်းများကို ထပ်မံချိုးဖောက်လာပါက ငါးဖမ်းပစ္စည်းများသိမ်းယူခြင်း၊ လက်ဝယ်ရရှိသောငါးကို (အခြေအနေအရ) ရန်ပုံငွေအဖြစ်သိမ်းယူခြင်းနှင့် ဒဏ်ငွေဆောင်ခြင်း (သို့) အလုပ်ဒဏ်ပေးရန်။

၃) ကော်မတီမှ သတ်မှတ်ထားသော အချိန်ကာလတစ်ခုအပြီးတွင် သိမ်းယူထားသောငါးဖမ်းပစ္စည်းများကို ချိုးဖောက်သူ၏ ဝန်ခံကတိလက်မှတ်နှင့်အတူ ပြန်လည်ပေးဆောင်မည်။

၄) စည်းမျဉ်းစည်းကမ်းချိုးဖောက်သည့် မည်သူမဆိုကော်မတီမှ ချိုးဖောက်မှုနှင့်ကိုက်ညီသည့် ငွေဒဏ် (သို့) အလုပ်ဒဏ်ပေးရန်။

> အလုပ်ဒဏ်နှင့် ပတ်သက်ပြီးကျေးရွာအတွင်း လုပ်အားပေးလုပ်ခြင်း၊ ဒေသနှင့်ကိုက်ညီသည့် အလုပ်များ လုပ်ဆောင်စေခြင်း ဖြစ်ရမည်။

၅) ဖြစ်ပေါ်လာသောပဋိပက္ခများကို ဖြေရှင်းဆောင်ရွက်ရန် တိကျသောနည်းလမ်းသတ်မှတ်ချက်များရှိပါက ၄င်းနည်းလမ်းအတိုင်း ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ပြီး တိကျသောနည်းလမ်းသတ်မှတ်ချက်များမရှိသော ပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းရာတွင်

(က) ကော်မတီများမှ ပါဝင်ပတ်သက်သူများကို စေ့စပ်ညှိနှိုင်း ဆွေးနွေးခြင်းများ ပြုလုပ်ခြင်း။

(ခ) မိရိုးဖလာနည်းလမ်းအရ ရှေ့မှီနောက်မှီလူကြီးများမှ ကြားဝင်ဖြန်ဖြေပါဝင် ပေးခြင်း။

(ဂ) အကြံပေးအဖွဲ့များ၊ အုပ်ချုပ်ရေးအဖွဲ့များမှ ပူးပေါင်းပါဝင်ဆွေးနွေးခြင်း။

(ဃ) လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများနှင့် စေ့စပ်ညှိနှိုင်း ဆွေးနွေးခြင်း။

## အပိုဒ် (၃၁) အထွေထွေ

၁) ဒေါ်လာအင်းဒေသအရင်းအမြစ် (သို့) ရေအရင်းအမြစ်ဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်နှင့် ဖွဲ့စည်းတည်ဆောက်မှုကို ပြင်ဆင်လိုပါက ကော်မတီမှ လူထုနှင့်အတူ အစည်းအဝေးပြုလုပ်ဆွေးနွေးပြီး လူထုသဘောဆန္ဒဖြင့် ပြင်ဆင်ပြောင်းလဲမှုများ ပြုလုပ်နိုင်သည်။

၂) ကော်မတီဝင်များအားလုံးသည် လာဘ်မစားရ။ ကိုယ်ကျိုးအတွက်လုပ်ဆောင်ခြင်းမပြုရ။ ထိုကဲ့သို့ လုပ်ဆောင်ပါက ကျန်ကော်မတီများနှင့် လူထုများမှ တာဝန်ရပ်ဆိုင်းခြင်းနှင့် အပြစ်ပေးခြင်းများ လုပ်ဆောင်ရသည်။

၃) အင်းနယ်နိမိတ်ထဲတွင်ပါဝင်သော ကမို့ကဖိုင်းတောင်၊ တမို့တိုတောင်၊ မုက္ကဒိ-မိကရင်တောင်ဖြစ်သော တောင် (၃) တောင်ကို ဘေးမဲ့အဖြစ်ထားရှိသည်။

၄) ကော်မတီသက်တမ်းပြည့်ပြီး လူထုစုဝေး၍ ရွေးကောက်ပွဲပြန်လည်ဖော်ဆောင်ရန် အခြေအနေမပေးလျှင် ကော်မတီမှဆက်လက်တာဝန်ထမ်းဆောင်နိုင်ရေးအတွက် ဦးဆောင်ကော်မတီမှ ကော်မတီတစ်ရပ်လုံး၏ အစည်းအဝေးကို ခေါ်ယူကျင်းပရမည်။ ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်သည့် အခြေအနေရောက်လျှင် သတ်မှတ်ထားသော နည်းလမ်းအတိုင်း ရွေးကောက်ပွဲပြန်လည်ပြုလုပ်ရမည်။

၅) တစ်နှစ်တစ်ကြိမ် ပုံမှန်အစည်းအဝေးသည် လူတိုင်းပါဝင်နိုင်ခြင်း၊ ဒေသနေလူထုအားလုံး၏ အသံကိုတင်ပြနိုင်ခြင်း၊ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ဆွေးနွေးအဖြေရှာခြင်း၊ အများပါဝင်ပြီး ဆုံးဖြတ်ချက်ချနိုင်ခြင်းစသည့်တို့ကို ဖော်ဆောင်နိုင်သည့်နေရာတစ်ခုဖြစ်ရမည်။

၆) ရရှိလာသော ရံပုံငွေ၊ ဒဏ်ငွေများကို ဘဏ္ဍာငွေရှာဖွေရေးနှင့်စီမံခန့်ခွဲရေးကော်မတီထံ အပ်နှံရမည်။

ဒေါ်လာအင်းဒေသအရင်းအမြစ်စီမံအုပ်ချုပ်မှု ဟူသည် မိမိတို့ ဒေသ၏ မိရိုးဖလာအရ စီမံအုပ်ချုပ်မှုအလေ့အထများ၊ တန်ဖိုးများ နှင့် နည်းနာများကို ပြန်လည်ဖော်ထုတ်ပြီး ဒေသနှင့်ကိုက်ညီသော စည်းမျဉ်းစည်းကမ်းများ ချမှတ်ခြင်းဖြင့် မိမိတို့ကိုယ်တိုင်စီမံအုပ် ချုပ်မှုများ ပြုလုပ်ခြင်းဖြစ်ပြီး ဒေသနေလူထုများ၏ စီမံအုပ်ချုပ်မှု အခွင့်အရေးကို အသိအမှတ်ပြုလာစေရန် ရည်ရွယ်ဖော်ဆောင် ခြင်းဖြစ်သည်။